# လက်ရှိ မြန်မာ့ငြိမ်းချမ်းရေးကြိုးပမ်းမှုဖြစ်စဉ်များအပေါ်
# MNTJP/MNDAA ၊ PSLF/TNLA ၊ ULA/AA တို့၏ သဘောထားထုတ်ပြန်ချက်

၁၃၇၈ ခုနှစ်၊ ဝါခေါင်လပြည့်နေ့
၂၀၁၆ ခုနှစ်၊ ဩဂုတ်လ (၁၈) ရက်

၁။ လက်ရှိမြန်မာနိုင်ငံအစိုးရမှ အမျိုးသားပြန်လည်သင့်မြတ်ရေး နှင့် ပြည်တွင်းငြိမ်းချမ်းရေးရရှိရေးအတွက် ကြိုးပမ်းဆောင်ရွက်မှုများကို အပြုသဘောဆောင်သည့် နိုင်ငံရေးပြောင်းလဲမှု ခြေလှမ်းတစ်ရပ်အနေဖြင့် ကြိုဆိုထောက်ခံကြောင်း မိမိတို့ မြန်မာနိုင်ငံအမှန်တရားနှင့်မျှတမှုအမျိုးသားပါတီ ( MNTJP/MNDAA )၊ ပလောင်ပြည်နယ်လွတ်မြောက်ရေးတပ်ဦး ( PSLF/TNLA ) နှင့် ရက္ခိုင်အမျိုးသားအဖွဲ့ချုပ် ( ULA/AA ) တို့က သဘောထားထုတ်ပြန်ကြေညာလိုက်ပါသည်။

၂။ ဩဂုတ်လ (၁၅) ရက်နေ့၌ ဒေါ်အောင်ဆန်းစုကြည် ဦးဆောင်သည့် UPDJC အစည်းအဝေးက ၂၁ ရာစု ပင်လုံညီလာခံတွင် တိုင်းရင်းသားလက်နက်ကိုင် တော်လှန်ရေးအဖွဲ့အစည်းများအားလုံးပါဝင်နိုင်မည့်အားလုံးပါဝင်ရေးမူကို ဆုံးဖြတ်ချက်ချမှတ်ခဲ့သည်ဟု ကြားသိရသည့်အတွက် မြန်မာနိုင်ငံငြိမ်းချမ်းရေးဖြစ်စဉ်တိုးတက်မှုကို မိမိတို့ ဝမ်းမြောက်အားတက်မိပါသည်။ ၂၁ ရာစု ပင်လုံညီလာခံကိုလည်း ဩဂုတ်လ (၃၁) ရက်နေ့တွင် ကျင်းပမည်ဟု ဆုံးဖြတ်ခဲ့သည်ကို ကြိုဆိုလိုက်ပြီး မိမိတို့ တက်ရောက်နိုင်ရန် အဆင်သင့်ရှိကြောင်း ဖော်ပြအပ်ပါသည်။

၃။ မြန်မာစစ်အစိုးရအဆက်ဆက် နှင့် တိုင်းရင်းသားလက်နက်ကိုင် တော်လှန်ရေးအဖွဲ့အစည်းအသီးသီးတို့သည် နိုင်ငံရေးအရ တွေ့ဆုံဆွေးနွေးပြီး ပြဿနာများကို မရှင်းနိုင်ခဲ့ကြဘဲ လက်နက်ကိုင်ဖြေရှင်းခဲ့ကြသဖြင့် နှစ်ပေါင်း (၆၀) ကျော် ပြည်တွင်းစစ် ဖြစ်ပွားခဲ့ရပါသည်။

၄။ နိုင်ငံတော်သမ္မတ ဦးသိန်းစိန် ဦးဆောင်ခဲ့သည့် အစိုးရလက်ထက်မှ ယခုလက်ရှိ မြန်မာအစိုးရအထိ အစိုးရ နှင့် မြန်မာ့တပ်မတော်ခေါင်းဆောင်များအကြား ပူးပေါင်းဆောင်ရွက်ကာ ပြည်တွင်းစစ်မီးငြိမ်းနိုင်ရန်အတွက် တိုင်းရင်းသားလက်နက်ကိုင် တော်လှန်ရေးအဖွဲ့အစည်းများနှင့် နိုင်ငံရေးအရ တွေ့ဆုံဆွေးနွေး အဖြေရှာလာသည်မှာ တိုင်းရင်းသားပြည်သူလူထုတစ်ရပ်လုံး လိုလားတောင့်တသည့် နိုင်ငံရေးတွေ့ဆုံဆွေးနွေးရေးနည်းဖြစ်ပါသည်။

၅။ ထို့ကြောင့် လက်ရှိမြန်မာအစိုးရ၊ မြန်မာ့တပ်မတော် နှင့် တိုင်းရင်းသားလက်နက်ကိုင် တော်လှန်ရေးအဖွဲ့အစည်းများ အားလုံးအတူတကွ လုပ်ဆောင်နေသော ပြည်တွင်းငြိမ်းချမ်းရေးလုပ်ငန်းစဉ်များတွင် မိမိတို့အနေဖြင့် ပူးပေါင်းပါဝင်ရန် အဆင်သင့်ဖြစ်ပါသည်။ မြန်မာ့တပ်မတော်နှင့် ဖြစ်ပွားနေသည့် တိုက်ပွဲများကို အပြန်အလှန်ရပ်စဲပြီး၊ တစ်နိုင်ငံလုံး အပစ်အခတ်ရပ်စဲရေး၊ ဒေသတည်ငြိမ်အေးချမ်းရေး၊ ဖွံ့ဖြိုးတိုးတက်ရေး၊ အမျိုးသားပြန်လည်သင့်မြတ်ရေးတို့ကို နိုင်ငံရေးတွေ့ဆုံဆွေးနွေးသည့်နည်းဖြင့် အကောင်အထည်ဖော်ဆောင်ရွက်ရန် ဆန္ဒအပြည့်အဝရှိကြောင်း မိမိတို့၏ သဘောထားကို ထုတ်ပြန်ကြေညာလိုက်ပါသည်။

| MNTJP/MNDAA | PSLF/TNLA | ULA/AA |
|---|---|---|
| မြန်မာနိုင်ငံ အမှန်တရားနှင့်မျှတမှုအမျိုးသားပါတီ/ မြန်မာအမျိုးသားဒီမိုကရက်တစ် မဟာမိတ်တပ်မတော် | ပလောင်ပြည်နယ်လွတ်မြောက်ရေးတပ်ဦး/ တအာင်းအမျိုးသား လွတ်မြောက်ရေးတပ်မတော် | ရက္ခိုင်အမျိုးသားအဖွဲ့ချုပ်/ ရက္ခိုင့်တပ်မတော် |